
ထုံသင်းမွှေးပျံ့စေ
ခံစားမှုဝတ္ထုများ
ကြာဖြူနွယ်

# ထုံသင်းမွေးပုံ့စေနှင့် ခံစားမှု ဝတ္ထုများ

# လင်းရောင်ခြည်မှ......ကြာဖြူနွယ်သို့

မိမိနှင့် သိမီသလောက် စာပေလောက (သို့မဟုတ်) စာအုပ်ထုတ်ဝေရေးလောကအဆက်ဆက်တွင် ယခုမျက်မှောက်အခြေအနေသည် မျက်စိလည်စရာအကောင်းဆုံး (ဝါ) သွက်သွက်လည် ခေါင်းရှုပ်စရာ အကောင်းဆုံးအချိန်ကာလ ပင်ဖြစ်၏ ။ အဘယ်ကြောင့် နားမလည်နိုင်စွာ ခေါင်းရှုပ်ရပါသနည်း။ ရှင်းပါမည်။

ခေတ်အဆက်ဆက်၏ ကိန်းဂဏန်းများအရ ယနေ့မျက်မှောက်ခတ်စာဖတ်သူအင်အားသည် မယုံကြည်နိုင်လောက်အောင်ပင် သုညဒီဂရီအောက်သို့ ဦးစိုက်ကျွမ်းပြန်ထိုးကျလျက် ရှိသော အချိန်ကာလ ဖြစ်သည်။ ထို့ကြောင့်စာဖတ်သူအင်အားပေါ်တွင် တည်မှီလျက် ရှိသော စာအုပ်ထုတ်ဝေရေးများလည်း ဖုတ် လိုက်ဖုတ်လိုက်နှင့် အသက်ငင်လိမ့်မည်ဟု ခန့်မှန်းမိလျှင်တော့ တက်တက်စင်အောင်လွဲမှားသွားပါလိမ့်မည်။ ထွက်လိုက်ကြသည့် စာအုပ်များ။ အကုန်ဖတ်ဖို့ မပြော နှင့်။ တစ်နေ့ တစ်နေ့ ထွက်သည့် စာအုပ်နာမည်ခေါင်းစဉ်များကို စာရင်းကောက်ယူပြုစုရန်ပင် အလျင်မမီနိုင်ပါ။ ဖတ်သူအရေအတွက်က အနုတ်ဘက်သို့အရှိန်ပြင်းပြင်းဒုန်းစိုင်းနေသလောက်၊ စာအုပ်ထွက်နှုန်းက ဒုံးပျံထိပ်ဖူးတွင် တက်ကပ်နေသော ကပြောင်းတိကပြောင်းပြန် အခြေအနေကိုမှ မျက်စိမလည်လျှင် ဘာခံနိုင်တော့ ပါမည်နည်း။

ပြောရမည်က ကြာဖြူနွယ်၏ တစ်ကိုယ်တော်ဝတ္ထုတိုစုစည်းမှုစာအုပ်လေး အကြောင်း။ ပြောနေသည်က စာအုပ်ထုတ်ဝေရေးအကြောင်း။ စာအုပ်လောက တင် ကမောက်ကမ မဟုတ်၊ ယခုအမှာစာကိုက ကမောက်ကမ ဖြစ်နေသည်။ ထားတော့။ ပြောမိလက်စနှင့်ပင် ဆက်ပြောရပေဦးမည်။ ယခင်စာပေစိစစ်ရေး ရှိသော ခေတ်ကာလက စာအုပ်တစ်အုပ်ဖြစ်လာရန်မှာ ခက်ခဲလွန်းလှပေသည်။ (ထိုကဲ့သို့

ခက်ခဲအောင်လည်း စီမံထားကြသည်ကိုး။) ကုန်ကျမည့် ပိုက်ဆံရှိရုံ နှင့် စာအုပ်တစ်အုပ် မဖြစ်ပါ။ သည်တော့ သာမန်ဝါသနာရှင်များက ကျားကုတ် ကျားခဲ အားစိုက်ထုတ်ပြီး စာအုပ်ဖြစ်ရန် မကြိုးစားကြတော့။

ယနေ့ခေတ်ကတော့ ထိုသို့မဟုတ်ပြီ။ ပိုက်ဆံရှိလျှင် တစ်လအတွင်း စာအုပ်ဖြစ်နိုင်သည်။ ပုံနှိပ်စက်က ထွက်လာသည်နှင့် ဖြန့်ဝေရရုံပင်။ သည်တော့ ပိုက်ဆံရှိသူတွေရော၊ ချွေးနဲ့စာနှင့် ခြစ်ကုတ်သုံးစွဲရသူတွေပါ မိမိတို့၏ အပတ်တကုတ် ဖန်တီးမှုလေးများကို (ကောင်းကောင်း၊ မကောင်းကောင်း) စာအုပ်အဖြစ် မြင် လိုကြသည်မှာ တစ်ဦးတစ်ယောက်တည်း ထူးထူးခြားခြားအရူးထခြင်းမဟုတ်ပါ။ စာရေးဝါသနာရှင်တိုင်း၏ တူညီသော ဆန္ဒပင် ဖြစ်သည်။

သည်တော့ တစ်ဦးတည်းတတ်နိုင်လျှင် တစ်ကိုယ်တော်ထုတ်ကြသည်။ မတတ်နိုင်လျှင် စုပေါင်း၍ ထုတ်ကြသည်။ သူသူကိုယ်ကိုယ် ထုတ်လိုက်ကြသည် မှာ ရန်ကုန်မြို့လယ်မှ ကျယ်ပြန့်လှသည့် စာအုပ်အရောင်းဆိုင်ကြီးတွေပေါ်၌ ပင် ထားစရာ နေရာမဆံ့တော့။ ကောင်းမွန်သည့် လက္ခဏာပင်။

စာအုပ်တစ်အုပ်ထွက်ရှိခြင်းသည် ဘီယာဆိုင်တစ်ဆိုင်၊ KTV တစ်ခု တိုးလာခြင်းထက်တော့ အပုံကြီးသာသည်ပင်။ (ဖတ်ကြတာ၊ မဖတ်ကြတာတော့ နောက်အပိုင်းကဏ္ဍ)။ ထိုသို့စာအုပ်များ ပလူပျံအောင် ထွက်ရှိနေသော အကြောင်း တရားကို အကြမ်းဖျင်းသုံးသပ်ကြည့်လိုက်တော့ အွန်လိုင်း၏ တွန်းအားပေးမှုက ငါးဆယ်ရာခိုင်နှုန်းကျော် ပါဝင်နေသည်ဟု ထင်မြင်ယူဆမိသည်။ ဘာကြောင့်ထိုသို့ ထင်မြင်ယူဆရပါသနည်း။

မိမိတို့စာရေးဝါသနာပါခဲ့စဉ် ဟိုး...တစ်ချိန်က မိမိတို့၏ မရဲတရဲ ဖန်တီးမှုလေးများကို မဝံ့မရဲ လိုက်လံပြသရာတွင် အလွန်ဆုံးဖတ်မိကြမှ လက်နှစ် ဖက်စာပင် မပြည့်။ ထိုအထဲတွင် ဝတ်ကျေတမ်းကျေက လက်တစ်ဖက်ကျော် ကျော်။ အားပေးမည့်သူက တစ်ယောက်၊ နှစ်ယောက်။ ထိုသို့သော အခြေအနေများ ကြားတွင် သုံး၊ လေးပုဒ် ဖန်တီးပြီးသောအခါ စာရေးဆရာဖြစ်ရမည်ဟူသော မျှော်

လင့်ချက်အိပ်မက်ကြီးက မြန်မာပြည်သူလူထုကြားထဲမှာ ဆင်းရဲမွဲတေမှုပပျောက်ရေးကြိုးဝါးသံလို တဖြည်းဖြည်း ပါးလျားပျောက်ကွယ်သွားရလေတော့သည်။

ယနေ့မျက်မှောက်ခတ်ကြီးကား ထိုသို့မဟုတ်တော့ပြီ။ ပဥ္စလက် လေလှိုင်းဟု တင်စားခေါ်ဆိုလောက်သော အွန်လိုင်းဆိုတာကြီး ပေါ်ပေါက်လာခဲ့ပေ ပြီ။ ဝါသနာရှင်တစ်ဦး၏ စမ်းသပ်မှုကို ရာထောင်ချီ၍ ရှိအောင် ဖန်တီးပေးနိုင် ခဲ့ပြီ။ မိနစ်ပိုင်းအတွင်းမှာပင် ဝေဖန်မှုတွေ၊ အားပေးမှုတွေ ပလူပျံ့အောင် မြင်ရ၊ ကြားရနိုင်သည်။

သည်တော့ စိတ်ဓာတ်ခွန်အားတွေက မိမိတို့ငယ်စဉ်ကထက် အဆပေါင်းမယှဉ်နိုင်လောက်အောင်ပင် တိုးတက်ကွာခြားသွားခဲ့ရတော့၏ ။ သို့သော် ထိုအွန်လိုင်းဆိုတာကြီးက ခေတ်အဆက်ဆက်က မားမားမတ်မတ်ရပ်တည်ခဲ့သော အယ်ဒီတာဆိုသူကိုတော့ မလွှမ်းမိုး၊ မကျော်လွှားနိုင်ခဲ့ပါ။ ခေတ်အဆက်ဆက်က ပုံစံအတိုင်း အရည်အချင်းပြည့်မီသူများကို ရွေးချယ်စိစစ်၍ စာဖတ်သူလက်ထဲသို့ အရောက်ပို့ပေးသည့် တာဝန်ကို ခေတ်အဆက်ဆက်ကအတိုင်းပင် တာဝန်ကျေစွာ တစ်သမတ်တည်း ထမ်းဆောင်နေခဲ့ပေသည်။

ဝါသနာရှင်များအနေနှင့် စာရေးဆရာဖြစ်လိုခြင်း (ပုံနှိပ်ဖော်ပြခံရခြင်း)အိပ်မက်သည် မဂ္ဂဇင်းစာမျက်နှာပေါ် ဖြတ်သန်းမည်ဆိုလျှင် မိမိဘက်က အရည် အချင်းရှိစေဦးတော့၊ အချိန်အတိုင်းအတာတစ်ခုတော့ စောင့်ရပေလိမ့်မည်။ မိမိ ၏ ဖန်တီးကြိုးစားထားမှုများကို ပြီးပြီးချင်း ခံစားသူရှေ့တွင် ချပြလိုသည်မှာ လူ တိုင်းအတွက် တူညီသော ဆန္ဒဖြစ်၏ ။ သည်တော့ စောင့်စားရခြင်းကို စိတ်မရှည် နိုင်ကြပါ။ သည်အတွက် မိမိတို့၏ စာများကို ပုံနှိပ်စာအဖြစ် ချက်ချင်းမြင်ရရေး အတွက် မိမိတို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ကိုယ်ပိုင်ငွေကြေးများ အကုန်အကျခံ၍ စာအုပ်များ ဖန်တီးခြင်းသည်သာလျှင် အမြန်ဆုံးလမ်းဖြစ်တော့သည်။ သည်အတွက် မိမိတို့ ချွေးနဲ့စာလေးများကို ခြစ်ခြုတ်စုဆောင်းပြီး စာအုပ်တစ်အုပ်အဖြစ် ဖန် တီးကြတော့သည်။

ဝါသနာရှင်အားလုံးတို့၏ တူညီသော စိတ်သဘောထားမှာ စာအုပ်ဖန်တီး၍ ကုန်ကျသော ငွေကြေးများကို အဆုံးဟု စိတ်တုံးတုံးချထားကြ ခြင်းပင်တည်း။

ထိုထက်ပို၍ အံ့သြဖွယ် ကောင်းသော အချက်မှာ စာရေးခြင်းကို ကိုယ်တိုင်လုပ်ရန် ဝါသနာမပါသော်လည်း စာဖတ်ခြင်းကို တရှိုက်မက်မက်နှစ်သက်မြတ်နိုးစွဲလမ်းပြီး စာရေးဝါသနာပါသူများကို ငွေကုန်ကြေးကျခံ၍ တွန်းအားပေးကူညီတတ်သောသူများ ရှိနေခြင်းပင်တည်း။ ထိုကဲ့သို့ ထူးဆန်းသောဝါသနာရှင်များထဲတွင် ယခုစာအုပ်ကို ထုတ်ဝေပေးသော စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသူ မအိအိဆန်းလည်း ပါဝင်ပေသည်။

အွန်လိုင်းပေါ်တွင် သွေးရင်းသားရင်းတမျှ ခင်မင်ဆက်နွှယ်ကြပြီး ကြာဖြူနွယ်၏ ဝါသနာကို အကျိုးအမြတ်မမျှော်ကိုးဘဲ သံယောဇဉ်ဖြင့် ထုတ်ဝေပေးခဲ့ခြင်းဟု သိရ၏။ ဤကဲ့သို့သော ဝါသနာရှင်မျိုး တစ်ယောက်မှ တစ်ရာ၊ တစ် ရာမှ တစ်ထောင်၊ တစ်ထောင်မှ အကန့်အသတ်မရှိပေါ်ထွက်လာပါစေဟု ကြည်နူး မှုမုဒိတာဖြင့် ဆုတောင်းနေမိသည်။

ကြာဖြူနွယ်ဆိုသည်ကရော။ ကြာဖြူနွယ်၏ အကြောင်းကို ပြောရမည်ဆိုလျှင် မိမိနှင့် စတင်သိကျွမ်းပတ်သက်မှုကို အနည်းငယ်ပြောရပေလိမ့်မည်။ မိမိသည် လွန်ခဲ့သော နှစ်နှစ်က အွန်လိုင်းလင်းရောင်ခြည် စာပေဝိုင်းဟူသော ခေါင်းစဉ်ဖြင့် အုပ်စုလေး တစ်စုကို ဖေ့စ်ဘွတ်ပေါ်တွင် တည်ထောင်ခဲ့သည်။ လူ ချင်း မမြင်ဖူးသော ကမ္ဘာအရပ်ရပ်မှ စာရေးဝါသနာရှင်များကို စုစည်းပြီး စာရေးသူများဖြစ်လာစေရေးဟူသော ရည်ရွယ်ချက်တစ်ခုတည်းဖြင့် စုစည်းခဲ့ခြင်းဖြစ်သည်။ ထိုအဖွဲ့လေးမှ ပုံနှိပ်စာမျက်နှာပေါ်သို့ အရေအတွက်တော်တော်များများ ကို ပို့ဆောင်ပေးနိုင်ခဲ့သည်။

ယနေ့ပုံနှိပ်စာမျက်နှာများထက်တွင်ခပ်စိပ်စိပ်ရေးသားနေသော သော်ဇင်(လှိုင်ကော်)၊ ရည်ဝေ(လင်းရောင်ခြည်)၊ ပျူမခ၊ သုတအောင်၊ နတ်ရဲ (ရူပ ဗေဒ)၊ အာကာခေတ်ပိုင်၊ နေကောင်းကင်နီ၊ နွေလ၊ စေပိုင်ထွဋ်(ပုသိမ်) စသော

ကလောင်ရှင်များသည် အွန်လိုင်းလင်းရောင်ခြည်အဖွဲ့ထဲမှ ရောက်ရှိသွားသူတွေ ဖြစ်သည်။ တစ်ပုဒ်စ၊ နှစ်ပုဒ်စပါဖူးသူတွေကတော့ အများကြီးရှိသည်မို့ နာမည် တွေ မပြောတော့ပါ။ (နာမည်များ ကျန်နေနိုင်ပါသေးသည်။)

ကြာဖြူနွယ်သည်လည်း သူတို့အထဲမှာ တစ်ဦးအပါအဝင်ဖြစ်သည်။ သူစာအုပ်ထုတ်တော့မည်ဆိုတော့ အွန်လိုင်းလင်းရောင်ခြည်စာပေဝိုင်းမှ မွေးဖွား ပေးသော ကလောင်ရှင်ဖြစ်သောကြောင့် အွန်လိုင်းလင်းရောင်ခြည်ကို တည်ထောင်သူ မိမိအား အမှာစာရေးပေးပါဟု တောင်းဆိုလာသည်။

မိမိက စာပေလောကတွင် ဩဇာရော၊ နာမည်ပါရှိသူများအား ရေးခိုင်းရန် အကြံပေးမိသည်။ သူက လက်မခံပါ။ သည်တော့ရေးပေးပါမည်ဟု ကတိခံလိုက်ရသည်ပေါ့။

သူက အမှာစာဟုဆိုသော်လည်း ကောင်းကြောင်း ကြော်ငြာစာရေးခိုင်းခြင်း မဟုတ်ပါ။ မြင်သည့်အတိုင်း မညှာမတာ ဝေဖန်၍ ခပ်ဆတ်ဆတ်လေးရေးပေးပါဟု တောင်းဆိုခြင်းဖြစ်သည်။ မိမိသည် လင်းရောင်ခြည်အဖွဲ့ထဲတွင် စကားပြေများကို ဖတ်၍ နှစ်နှစ်ခန့် ထင်မြင် ဝေဖန်ချက်များ ရေး၍ ပြုပြင်ပေးခဲ့သည်။ နှစ်နှစ်အတွင်း စကားပြေပုဒ်ရေပေါင်း အပုဒ် လေးရာကျော် ဖတ်၍ အသေးစိတ် ထင်မြင်ချက်များ ရေးပေးခဲ့သည်။ ဒီနေ့ဒီအချိန်အထိ လိုအပ်ချက်မရှိ စင်းလုံး ချောကောင်းပါသည်ဟု တစ်ပုဒ်မှ မရေးပေးဖူးခဲ့သည်ကို သေသေချာချာမှတ်မိနေခဲ့ပါသည်။

ယခုရေးရသော စာက အွန်လိုင်းလင်းရောင်ခြည်တွင် ရေးပေးရသော ဝေဖန်အကြံပြုချက်ပေးသည့် စာမဟုတ်ပါ။ ထုတ်ဝေဖြန့်ချိသည့် စာအုပ်၏ ရှေ့ဆုံးတွင် ထည့်သွင်းအသုံးပြုမည့် စာဖြစ်သည်။ သူရေးခိုင်းသလို ရေးလို့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ မိမိသည် ဝတ္ထုတိုနှင့် ပတ်သက်လာလျှင် အကောင်းမြင်သမားမဟုတ်မှန်း ကိုယ့်ကိုယ်ကိုယ်သတိပြုမိခဲ့သည်မှာ ကြာပေပြီ။ သူတစ်ပါးရေးသည့် ဝတ္ထု ကို လက်ဖျားခါအောင် ကြိုက်သည်ဟူ၍ တစ်နှစ်နေလို့ တစ်ပုဒ်မတွေ့နိုင်သလို မိမိ

ကိုယ်တိုင်ရေးသော ဝတ္ထုများကိုလည်း ပုံနှိပ်စာမျက်နှာပေါ် ရောက်သွားသည်နှင့် တစ်ပုဒ်မှ မကြိုက်တော့ပါ။

ဤကဲ့သို့သော အကျင့်ဆိုးရှိသူက ခက်ခက်ခဲခဲကြိုးစားထုတ်ဝေရသော သူများ စာအုပ်၏ ရှေ့ဆုံးမှာ ဝတ္ထုအကြောင်းတွေကို ဘယ်လိုဝေဖန်စာရေးလို့ ဖြစ်ပါမည်နည်း။ နောက်ပြီးတော့ သူ့စာမူများက အယ်ဒီတာ့စားပွဲပေါ် ဖြတ်သန်းပြီး ပုံနှိပ်စာမျက်နှာပေါ် ရောက်ရှိပြီးသား စာမူများ၊ မိမိက ရွှေဖလားကို အနားကွပ် ရန် မသင့်တော်သလို၊ ဝယ်သူဘက်က ပွဲစားလိုလည်း အပြစ်အနာအဆာကို မှန်ဘီလူးနှင့် ရှာရန်လည်း မသင့်တော်ပါ။ သို့သော်ငြားလည်း သူက နာနာသာရေးပေးစမ်းပါဟု တောင်းဆိုလာသောကြောင့် သဘောမျှလောက်တော့ ရေးရပေလိမ့်မည်။

ပထမဦးဆုံး ကြိုက်နှစ်သက်ရသော အချက်များကို ပြောရလျှင် ဝတ္ထုများထဲမှာ ထည့်သွင်းထားသော စာရေးသူကိုယ်တိုင်၏ ဘဝဖြတ်သန်းမှုလုပ်ငန်းသဘာဝ အချက်အလက်များပင် ဖြစ်သည်။ ဂျပန်လူမျိုးများနှင့် ဆက်စပ်ပတ်သက်သော ဇာတ်လမ်းများကို ရေးသားရာတွင် အသေးစိတ် ပိုင်ပိုင်နိုင်နိုင်သွတ်သွင်းထားခြင်းကို ဖတ်ရသည်မှာ စေ့စေ့စပ်စပ်၊ စေးစေးပိုင်ပိုင်ရှိလှသည်။ ဂဃနဏ သိထားကြောင်း ပေါ်လွင်လွန်းလှ၏ ။ နောက်တစ်ချက်က စာရေးသူ၏ စေတနာကောင်း ဖြစ်သည်။ ဝတ္ထုတိုင်းတွင် တစ်ခုမဟုတ် တစ်ခု ထည့်သွင်းပြောပြထားတတ်၏ ။

ဂျပန်လူမျိုးများနှင့် ပတ်သက်သော ဇာတ်လမ်းများတွင် အဓိကပြောထား တတ်သည်မှာ မျက်စိမရှိသော အချစ်ကိုပင် အဆုံးရှုံးခံစွန့်လွှတ်ကာ မိမိ၏ ရေ မြေကို ရွေးချယ်ဖက်တွယ်ထားခဲ့သည်ဟူသော ဇာတိနိုင်ငံကို ချစ်ခင်တွယ်တာ ရေး မက်ဆေ့ချ်ပင် ဖြစ်၏ ။

ဝတ္ထုတိုပေါင်းချုပ်ဟုဆိုသော်လည်း 'မျက်ရည်ခြွေ' ကဲ့သို့သော အက်ဆေး များလည်း ရောပြွမ်းပါဝင်နေခဲ့သည်။ 'ကျွန်မ အမေ့ကို မကြိုက်ပါဘူး' ကဲ့သို့ ဝတ္ထု၊ အက်ဆေးဟူ၍ ခွဲခြားမရသည်များလည်း ပါသည်။ 'ဝိရောဓိများနှင့်မြ'

ကဲ့သို့သော အမျိုးသားကလောင်များပင် စဉ်းစားချင့်ချိန်ရမည့် Love and Sex ခွဲခြားသည့် ကိစ္စများကို ရဲရဲတင်းတင်း ပြောပြထားသည်များလည်း ပါသည်။ 'ဒဏ်'ကဲ့သို့ ရိုးတာလွန်းသော ဝတ္ထုမျိုး ပါသလို 'အတူလေးရယ်နှင့် ယှဉ်ကာ ပြိုင်'ကဲ့သို့သော အချက်အလက်များကို အားစိုက်ရှာဖွေ ထည့်သွင်းထားသော ဝတ္ထုမျိုးတွေလည်း ပါသည်။

ကြာဖြူနွယ်၏ ဝတ္ထုများနှင့် သဘောချင်း တိုက်ဆိုင်ထပ်မိသော စာဖတ်သူတို့က ကြိုက်နှစ်သက်မည်။ မတိုက်ဆိုင်သူတို့က မကြိုက်ဘဲ နေနိုင်သည်။ သို့သော်စာဖတ်သူကို အဆိပ်အတောက်ဖြစ်စေမည့်၊ အယူလွဲစေမည့် ဝတ္ထုမျိုး လုံးဝ မပါသည်ကိုတော့ မိမိ၏ ဘဝနှင့် ရင်း၍ အာမခံနိုင်ပါသည်။

ဤစာသည် ကြာဖြူနွယ်၏ စာအုပ်အတွက် ကြော်ငြာမဟုတ်သလို ဖတ်ဖြစ်အောင် ဖတ်ပါဟု တိုက်တွန်းထားသော စာလည်း မဟုတ်ပါ။ ကြာဖြူနွယ် ဆိုသည်မှာ စာရေးဝါသနာကို မိမိရရ ဆုပ်ကိုင်၍ အွန်လိုင်းပေါ်မှသည် ပုံနှိပ်စာမျက်နှာထက်ဆီသို့ ကျားကုတ်ကျားခဲ ကြိုးစားတက်လှမ်းလာသော ကလောင်တစ်ချောင်းဖြစ်ကြောင်း၊ မိမိတို့ အွန်လိုင်းလင်းရောင်ခြည် စာပေဝိုင်းသည် အင်တာနက်ပေါ်တွင် အကျိုးမဲ့အချိန်ဖြုန်းနေကြခြင်း မဟုတ်ဘဲ ဤကဲ့သို့သော ဝါသနာရှင်ကလောင်များကို ပုံနှိပ်စာမျက်နှာထက်ပေါ်သို့ အမှန်တကယ်တွန်းပို့ပေးနေသော အဖွဲ့တစ်ခုဖြစ်ကြောင်း တင်ပြသည့် စာတစ်စောင်သာ ဖြစ်ပါလိမ့်မည်။

အတွင်းထဲတွင် ပါဝင်သော စာများအတွက်တော့ စာဖတ်သူတို့၏ နှလုံးသားစာတ်ခံအတိုင်း သဘောရှိ ဆုံးဖြတ်ဝေဖန်နိုင်ကြပါကြောင်း ကြာဖြူနွယ်ဟူသော ကလောင်တစ်ချောင်းကို စာဖတ်သူထံတွင် အပ်နှံလိုက်သော စာ သာ ဖြစ်ပါတော့သည်။

**သက်ဦးမောင်**

**(အွန်လိုင်း လင်းရောင်ခြည်စာပေဝိုင်း)**

*

## ဆရာမ မီမိုး(မိုးမိုးစောဝင်း)၏ အမှာစာ

WOMEN'S WORLD ဂျာနယ်ကို ပေးပို့လာတဲ့ စာမူရှင်အများ အပြား ရှိပါတယ်။ ဒီထဲမှာမှ ကြာဖြူနွယ်ဆိုတဲ့ ကလောင်ရှင်ကို တစ်ခါမှ မျက်နှာ မမြင်ဖူးပေမယ့် သူ့စာလေးတွေကို မှတ်မှတ်ရရသတိထားမိခဲ့ပါတယ်။ ကျွန်မ တို့ ဂျာနယ်တိုက်မှာ အမြဲတမ်း ရှိနေတတ်တဲ့ တာဝန်ခံအယ်ဒီတာကို မေးကြည့် တော့လည်း ဒီကလောင်က လူကိုယ်တိုင်စာမူလာပို့တာ မဟုတ်၊ မေးလ်ကတစ် ဆင့်လာတာလို့သာ သိရတာ မို့ လူချင်း မတွေ့ဖြစ်ခဲ့ပါဘူး၊ ကျွန်မအကျင့်ကလည်း စာကို ကြိုက်ရင် လူချင်းတော့ တွေ့ဖူးချင်မိတာကိုး။

စိတ်ထဲ အမှတ်တရ အရှိဆုံးကတော့ 'လွမ်းစေတဲ့ ဝသန်' စာမူလေး ဖတ်လို့ ရတဲ့ အချိန် ခေတ်စကားနဲ့ဆို ကျွန်မအတော်လေး ဟာတ့်ထိသွားတာပါ။ မျက်စိထဲမှာ ဆေးကောင်တာက မိန်းကလေးသော်တာနဲ့ ဆရာဝန်ကြီးရဲ့ သား ဆရာဝန်ပေါက်စလေး ဒေါက်တာဇော်မင်းခန့်ရဲ့ အရုပ်တွေက အလွန်ရှင်သန်ပြီး စိတ်မျက်စိထဲမှာ မြင်ယောင်နေမိတော့တာလေ။ ဒီလိုအချစ်ဝတ္ထုမျိုးက အင်မ တန် အပြစ်ကင်းပြီး ချစ်ဖို့ ကောင်းလှတယ်လို့ ကျွန်မ ထင်မိတယ်။ ဂျာနယ်ထွက် တော့လည်း ကျွန်မဝန်းကျင်က စာသရဲတွေက ဒီဝတ္ထုလေးကောင်းလိုက်တာလို့ မှတ်ချက်ပြုကြတယ်။ နောက်တစ်ခါ ကြာဖြူနွယ်ကို သတိထားမိတာက သူရေး တဲ့ ဝတ္ထုလေးတွေမှာ ဂျပန်နဲ့ ပတ်သက်တာလေးတွေ တော်တော်များများပါတတ် တာမို့ အပြင်မှာလည်း ဂျပန်နဲ့ နီးစပ်မယ်လို့ ကျွန်မ မှန်းမိပြန်ပါတယ်။ နောက် ထပ်မှန်းချက်တစ်ခုကတော့ ကြာဖြူနွယ်ဟာ ဖြူဖြူနွဲ့နွဲ့ အသက်အရွယ်အားဖြင့် နှစ်ဆယ်နဲ့ အစိတ်ကြားလို့လည်း ကျွန်မ မှန်းထားမိပါတယ်။ ဒါတွေက သူနဲ့ မဆုံဖူးခင်ကာလများပေါ့။ တကယ်တမ်းဆုံဖြစ်တော့ PEN Myanmar အသင်း အစည်းအဝေးမှာ ဆုံဖြစ်တာပါ။ ကြာဖြူနွယ်ပါလို့ လာမိတ်ဆက်သူကို ဝမ်းသာအား ရ ပြန်နှုတ်ဆက်ဖြစ်ရင်း သူ့ကိုလည်း သမီးလို့ နာမ်စားသုံးမိပါတယ်။ တကယ် တော့ ကျွန်မက သမီးမွေးထားသူမို့ ကိုယ့်ထက် ငယ်သူတွေကို သမီးခေါ်ဖို့ သွက်

လက်နေသလောက် ညီမငယ်မရှိသူမို့ ညီမလေးခေါ်ဖို့ နှုတ်တွန့်သူပါ။ ကျွန်မ မှန်းချက်လွဲသွားတယ်၊ ဆရာမဟာ ဖြူတာ မှန်တယ်၊ မန္တဲ့ပါဘူး၊ နှစ်ဆယ်နဲ့ အစိတ်ကြားဆိုတာ မှားပါတယ်၊ ဒီ့ထက် ဝါကြီးနေပါတယ်၊ မှန်တာ တစ်ခုက တော့ ဆရာမက အပြင်မှာလည်း ဂျပန်စာကျွမ်းကျင်ပြီး ဒီပညာရပ်နဲ့ ဆက်နွယ် တဲ့ လုပ်ငန်းတစ်ခုကို လုပ်နေသူလို့ သိလိုက်ရတာ မို့ ကိုယ့်စိတ်ထဲ ငါထင်ရင်လွဲ ခဲပါတယ်ပေ့ါလေ။ ဒီပွဲမှာလည်း ကျွန်မ သူ့စာလေးတွေကို ကြိုက်တယ်ဆိုတဲ့ အကြောင်းပြောဖြစ်ရင်း စာများများရေးဖို့ တိုက်တွန်းမိပါတယ်။ ဘာလို့လဲဆို တော့ သူ့စာတွေကို ဖတ်ထားမိသူမို့ သူ့လက်က မဂ္ဂဇင်းလက်ဆိုတာ သတိထားမိ နေလို့ပါ၊ ကျွန်မတို့ ဂျာနယ်တွေမှာက စာမျက်နှာအကန့်အသတ် ရှိတဲ့အတွက် ဆရာမ ကြာဖြူနွယ်လို လက်မျိုးကို ပေးပို့တိုင်း ကောင်းနေသော်ငြား အခြေအနေအရ မသုံးဖြစ်တာတွေ ရှိတဲ့ အကြောင်း ပြောရင်း မဂ္ဂဇင်းတွေကို များများပို့ပါလို့ပဲ တိုက် တွန်းဖြစ်ပါတယ်။ ကျွန်မကပဲအတိုက်တွန်းကောင်းလို့လား၊ တိုက်ဆိုင်တာလား တော့ မသိပါဘူး။ ဆရာမ ကြာဖြူနွယ်က ကျွန်မတို့တိုက်မှာ အရေးကျဲသွားပြီး အပြင်စာပေနယ်မှာ တော်တော်လေးခြေဆန့်လာပါတယ်။ ဒါလည်း ကျွန်မတို့ မုဒိတာပွားရမယ့် ကိစ္စမဟုတ်ပါလား။

အခုတော့ ဆရာမ ကြာဖြူနွယ်က သူ့စာမူလေးတွေ ပေါင်းချုပ်ထုတ် ဖို့ စီစဉ်ပြီးပြီမို့ အမှာစာရေးပေးပါလို့ တောင်းဆိုရင်း ပါမယ့် စာမူတွေ လာပေးသွား ပါတယ်။ ဖတ်ကြည့်လို့တော့ အတော်များများက WOMEN’S WORLD မှာ ပါပြီး သားတွေပါ။ အထူးညွှန်း စာဖွဲ့မနေချင်တော့ပါဘူး။ အခုလို သူ့စာမူတွေ တစ်ထပ်ကြီးပြန်ဖတ်လိုက်ရတဲ့ အချိန်မှာ အထူးပြုမှတ်ချက်တစ်ခုက ထပ်ထွက် လာပါတယ်။ အဲဒါကတော့ ဆရာမက သူ့ဝတ္ထုတွေကို ခံစားချက်ချည်းသက် သက် ရေးဖွဲ့သူ မဟုတ်ဆိုတာပါပဲ၊ ဝတ္ထုတိုင်း မဟုတ်ပေမယ့် ပုဒ်ရေတော်တော် များများမှာ ဦးတည်ချက်ကောင်းလေးတွေ ပါဝင်နေပါတယ်။ ဥပမာ နိုင်ငံချစ် စိတ်၊ မြို့နယ်တွေမှာ စာကြည့်တိုက်လေးတွေ ဖြစ်ထွန်းရေး၊ ပညာတတ်တွေ

နယ်စပ်ဒေသတွေထိ ခြေဆန့်ရေး စသဖြင့် ဇာတ်လမ်းနဲ့ လိုက်ဖက်အောင် ထည့်ပေးထားတာဟာ အပြင်မှာ သူ့စိတ်ဓာတ်တွင်း တွယ်ငြိနေတဲ့ ပရဟိတစိတ်ထား က သူ့စာတွေကို လွှမ်းမိုးနေလို့ပဲလို့ ကျွန်မ တွက်မိပါတယ်။ ဆရာမ ကြာဖြူ နွယ်ဟာ စာပူတွေ ရေးတတ်သူ မဟုတ်ပါဘူး၊ စာအေးတွေ ရေးတတ်သူပါလို့ ကျွန်မ မြင်ပါတယ်။ သူ့စာတွေကို ဖတ်လိုက်ရတဲ့အချိန် ပူလောင်ဆူပွက်သော ခံစားမှုတစ်ခုမှ မရဘဲ အေးချမ်းငြိမ်သက်သော ခံစားမှုလေးတွေ ပေးတတ်သူ အဖြစ် မြင်ပါတယ်။ 'အတူလေးရယ်နှင့် ယှဉ်ကာပြိုင်'ဆိုတဲ့ ဝတ္ထုကို ဖတ်မိ တော့ ကျွန်မအတွက် စိမ်းနေပါတယ်။ ဒါ ကိုယ့်ဂျာနယ်မှာ ပါတာ မဟုတ်ဘူး ထင်တယ်လို့ မှတ်ရင်း နောက်ဆုံးကို ကျော်လှန်ကြည့်တော့...

ချင်းတွင်းမဂ္ဂဇင်းမှာ ပါဖူးတာလို့ သိလိုက်ပါတယ်။ ဒီဝတ္ထုကို ဖတ် ပြီးတဲ့ အချိန်မှာတော့ အားလုံးထဲက အကြိုက်ဆုံးဝတ္ထုအဖြစ် ညွှန်းဆိုပါရစေ။ ဒီဝတ္ထုကို ဖတ်ပြီး ဘယ်သူမှ ကြာဖြူနွယ်ကို တက်သစ်စ ကလောင်လို့ ထင် တော့မှာ မဟုတ်ပါဘူး၊ ကြာဖြူနွယ် ဆက်သွားမယ့် လမ်းက ဒီလိုတက်တွေကိုင် ပြီး ဒီလိုရှက်လွှင့်သွားရမယ့် အနေအထားပါ။ ဒီလိုဝတ္ထုမျိုးတွေ ရေးပြီး စာပေ လောကမှာ နေရာယူရတော့မှာ။ အားပေးပါတယ် ဆရာမ၊ အမှန်တကယ်လှိုက် လှိုက်လှဲလှဲကို ချီးကျူးအားပေးတာပါ။ ဆရာမ ကြာဖြူနွယ်က စာမူတွေ လာ ပေးကတည်းက ပြောပါတယ်။ ဝေဖန်စရာရှိရင်လည်း အားမနာစတမ်း ရေးပေး ပါတဲ့။ တစ်ခုပဲ ပြောလိုက်ပါ့မယ်၊ စဦးပိုင်း ကာလတွေမှာ ရေးချင်ဇောနဲ့ ထိ လည်း ရေး၊ မထိလည်း ရေး မလုပ်မိပါစေနဲ့၊ လုပ်တတ်ကြလို့ သတိပေးတာပါ။ အစောက ပြောခဲ့တဲ့ ဝတ္ထုတွေလိုမျိုးပိုင်ပိုင်နိုင်နိုင်နဲ့ ဖမ်းစားနိုင်ပါစေလို့ တိုက် တွန်းလိုက်ပါတယ်။

**ဆရာမကြာဖြူနွယ် စာပေစင်မြင့် ကလောင်တင့်ပါစေ။**

**မီမိုး(မိုးမိုးစောဝင်း)**

*

# စာရေးသူ၏ ရင်ဖွင့်စကား

ကျွန်မရဲ့ ဘဝမှာ သိတတ်စအရွယ်ကတည်းက အခုချိန်ထိ ကျွန်မနံဘေးမှာ ရှိတဲ့ အရင်းနှီးဆုံးအဖော်က စာအုပ်တွေပါ။ ကျွန်မအဖြစ်ချင်ဆုံးဘဝက စာရေး သူပါ။ တစ်ယောက်တည်းနေပြီး စာအုပ်တစ်အုပ်ဖတ်နေရခြင်းကို ဘာစည်းစိမ်နဲ့မှ မလဲနိုင်အောင် ကြိုက်နှစ်သက်လှပြီးစိတ်ကူးယဉ်ရတာ ကိုလည်း ကျွန်မသဘော ကျပါတယ်။ စာစုံဖတ်ပေမယ့် ကျွန်မအကြိုက်ဆုံးက အခုခေတ် ပြောနေကြတဲ့ ရသစာပေအမျိုးအစားပါ။

ငယ်စဉ်တုန်းကတော့ ရသစာပေရယ်လို့ မသိခဲ့ပေမယ့် ကျွန်မ မသိသေးတဲ့ လူ့စရိုက်တွေ၊ မကြုံဖူးသေးတဲ့ လူ့ဘဝတွေ၊ နားမလည်သေးတဲ့ လူ့စိတ်ခံစားမှု တွေ ရှိနေတဲ့ စာအုပ်တွေဟာ ကျွန်မရဲ့ စိတ်အာရုံကို စွဲဆောင်ညှို့ယူထားပါ တယ်။ စာဖတ်သက်လေးရလာတော့ အလယ်တန်းကျောင်းသူဘဝမှာ ကျွန်မဝတ္ထု လေးတွေ စပြီး ရေးကြည့်ခဲ့ပါတယ်။ ရေးပြီးသားတွေကို အမေတို့မြင်ရင် ဆူမှာ စိုး လို့ လုံလုံခြုံခြုံ သိမ်းရပါသေးတယ်။ ဒီလိုနဲ့ ညဘက် စာကျက်ရင်း၊ တိတ်တိတ် လေး စာခိုးရေးရင်း အထက်တန်းအောင်ခဲ့တဲ့ ကျွန်မပါ။

ဆယ်တန်းဖြေပြီး အားလပ်နေချိန်မှာလည်း ကျွန်မစာတွေ ရေးခဲ့ပါ တယ်။ ညောင်လေးပင်မြို့နယ်မဂ္ဂဇင်းမှာ ကျွန်မရဲ့ ပထမဆုံး စာမူလေးပါလာ တော့ ဆယ်တန်းဖြေပြီးခါစ ၁၉၉၀ခုနှစ်ပါ။

နောက်ပဲခူးကောလိပ်မှာ ကျောင်းတက်တော့လည်း ကောလိပ်နှစ်ပတ်လည် မဂ္ဂဇင်းထုတ်တိုင်း ကျွန်မဝတ္ထုတွေ ပါဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျောင်းပြီးသွားလို့ လုပ်ငန်းခွင်ထဲ ရောက်လာတဲ့ အချိန်မှာတော့ စာပေနဲ့ အဆက်ပြတ်သွားပြီး ဘဝပေး အခြေအနေအရ အလုပ်ထဲမှာပဲ

စိတ်နှစ်လိုက်ရပါတယ်။ အလုပ်အတွက် လိုအပ်တဲ့၊ ကျွန်မလည်း ဝါသနာပါတဲ့ ဂျပန်စာကို လေ့လာကျက်မှတ်ရင်း စာပေနယ်နဲ့ ကျွန်မဟာ ဘာမှ မဆိုင်တော့သလို ဖြစ်ခဲ့ပါတယ်။

၂၀၁၀ ကျတော့ အင်တာနက်ကို ကျွန်မ တော်တော်လေးထိတွေ့သုံး တတ်လာပြီး နိုင်းဆိုဒ်တွေ ဘလော့တွေမှာ သူများတွေ စာရေးကြတာတွေ့တော့ ကျွန်မကိုယ်ထဲမှာ ရှိတဲ့ ပိုးက ပြန်နိုးကြွလာပါတယ်။ ရေးချင်လှတဲ့ ဆောင်းပါးလေး တွေ၊ ဝတ္ထုလေးတွေ ပြန်ရေးဖြစ်ပေမယ့် အိပ်ချိန်လောက်သာ အိမ်ပြန်ရပြီး လုပ် ငန်းခွင်ထဲ အချိန်ကုန်ရသူမို့ မဂ္ဂဇင်းတွေကို စာမူသွားပို့ဖို့ အခွင့်အရေးမရှိခဲ့ပါ ဘူး။ ရေးပြီးသမျှ စာတွေကို မေးလ်နဲ့ အလွယ်တကူ ပို့လို့ရတဲ့ WOMEN'S WORLD ဂျာနယ်ကို ပို့ကြည့်ရင်း ပုံနှိပ်ဖော်ပြခံရတဲ့အခါမှာတော့ အားတက် လာပြီး တဖြည်းဖြည်း စာတွေ အဆက်မပြတ်ရေးမိပါတယ်။

WOMEN'S WORLD ဂျာနယ်ရဲ့ ကျေးဇူးကြောင့် စာရေးသူဖြစ်ချင် တဲ့ ကျွန်မရဲ့ အိပ်မက်တွေလည်း ပြန်လည်ရှင်သန်လာခဲ့ပါတယ်။ နောက်ပိုင်းဖေ့စ်ဘုတ် သုံးတတ်လာတဲ့အခါမှာတော့ စာပေလောကသားများနဲ့ ရင်းနှီးခင်မင်လာပါတယ်။ ဆရာသက်ဦးမောင် ဦးစီးတည်ထောင်ပေးထားတဲ့ ဖေ့စ်ဘုတ်က အွန်လိုင်းလင်း ရောင်ခြည်ဆိုတဲ့ ဂရုပ်လေးထဲ ရောက်သွားချိန်မှာတော့ ကျွန်မစာတွေ ဆက်ရေး ဖို့ ခွန်အားတွေ ပိုရရှိသွားပါတယ်။ လင်းရောင်ခြည်မောင်နှမတွေရဲ့ အားပေးမှု၊ ဝေဖန်အကြံပေးမှုများနဲ့ ဂျာနယ်တင်မက မဂ္ဂဇင်းတွေအထိပါ စာမူတွေ ပို့ဖြစ် လာပါတယ်။

ဒီလိုနဲ့ တစ်ပုဒ်စ၊ နှစ်ပုဒ်စပါနေရင်း ပုံနှိပ်စာမူတွေ များလာတဲ့အခါ ကျွန်မဝတ္ထုလေးတွေကို တစုတစည်းတည်းမြင်ချင်လာပါတယ်။ စင်ကာပူမှ ညီ မလေး အိဆန်းဆန်းကလည်း တိုက်တွန်းအားပေးတဲ့အတွက် ဒီစာအုပ်လေးစီစဉ် ဖြစ်ခဲ့ခြင်းပါ။ ပြောရရင် ကျွန်မအတွက်တော့ ဒီစာအုပ်လေးဟာ စာဆက်ရေးဖို့ အတွက် တွန်းအားတစ်ခုပါ။ တစ်နည်းဆိုရရင် ကြာဖြူနွယ် စာပေနယ်ကို ခြေ

ချပြီဖို့လို့ ကြွေးကြော်ပြီး ဗိုုးဟစ်လိုက်ခြင်းလည်း ဖြစ်ပါတယ်။

ဒီလိုကြာဖြူနွယ်ဆိုတဲ့ ကလောင်တစ်ချောင်း ပရင့်စာမျက်နှာပေါ် ရောက် အောင် ကျွန်မ စာမူတွေကို ဖော်ပြပေးခဲ့တဲ့ ဂျာနယ်များ၊ မဂ္ဂဇင်းများမှ အယ်ဒီတာ များကိုလည်း ကျေးဇူးတင်ပါတယ်။ အမှာစာရေးပေးတဲ့ ဆရာသက်ဦးမောင်နဲ့ ဆရာမမီမိုး (မိုးမိုးစောဝင်း) ကို ကျေးဇူးတင်ပါတယ်။ ဒီစာအုပ်လေး စီစဉ်ဖြစ် အောင် ကူညီအားပေးခဲ့တဲ့ ညီမလေးအိဆန်းဆန်းကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မ စာတွေ ဆက်ရေးချင်ပါတယ်။ လက်ရှိအသက်အရွယ်အထိ နေထိုင်ရှင်သန် ရင်း ရရှိလာခဲ့တဲ့ ကျွန်မရဲ့ ဘဝအတွေ့အကြုံတွေနဲ့ ရင်းပြီး ရသမြောက်အောင် စာ တွေ ကြိုးစားရေးသားသွားမှာပါ။

ဒီစာအုပ်ထဲမှာ ပါရှိတဲ့ ကျွန်မခံစားတတ်သလို ပုံဖော်ထားတဲ့ ဝတ္ထု များဖတ်ရှုပြီး ဝေဖန်အကြံပေးလိုပါကလည်း အောက်ပါ Blog Gmail နှင့် Facbook သို့ ရေးသားပေးပို့နိုင်ပါတယ်ရှင်။

**လေးစားစွာဖြင့်**

**ကြာဖြူနွယ်**

*

ဆည်းဆာနှင်းဆီ

မိန်းကလေးရဲ့ မျက်နှာမှာ

အပြုံးပွင့်လေး ပြန်ပေါ်လာတာ

အမေ သိပ်ဝမ်းသာတာပဲ။

ဆည်းဆာချိန်မှာ မျက်ရည်တွေ သုတ်ပြီး ပြန်သွားတဲ့

မိန်းကလေးရဲ့ ကျောပြင်လေးကို ကြည့်ပြီး ဘဝဇာတ်ဆရာဆိုသူကြီးကို

အမေဟာ

အကြိမ်ကြိမ်အပြစ်တင်နေမိပါတယ်။

*

## (၁)

မိန်းကလေး အမေ့အိမ်ကို ရောက်လာတဲ့ အချိန်က နေဝင်ရီတရော လေး...။

သားက သူ့မွေးနေ့မှာ သူ့သူငယ်ချင်းတွေကို ကျွေးဖို့အတွက် အမေ့ကို မုန့်တီချက်ခိုင်းပြီး သင်တန်းသွားတက်နေတဲ့ အချိန်ပေါ့။

ခြံစည်းရိုးရယ်လို့ သတ်မှတ်ကာရံထားတဲ့ ပုဏ္ဏရိက် ပန်းခြုံလေးကို ဖြတ်ပြီး ပျဉ်ထောင်အိမ်လို့ ပြောသာရုံ ယိုင်တိုင်တိုင် အိမ်အိုလေးရှေ့မှာ မိန်းကလေး ရပ်နေတာကို မြင်လိုက်တဲ့ အမေက အိမ်ရှေ့ထွက်ကြည့်လိုက်ပါတယ်။

ဒါကိုထက်ဝေယံတို့အိမ်ပါလားရှင်ဆိုတဲ့ ကြည်လင်ချိုသာတဲ့ မေးသံ

လေးနဲ့အတူ ဆည်းဆာရိပ်မှာ လင်းလက်နေတဲ့ မိန်းမချောလေးကို အမေ မှင်တက်စွာ ကြည့်နေမိပါတယ်။ သူကလေးက အမေ့မျက်နှာကို သေသေချာချာမြင်လိုက် တဲ့ အချိန်မှာပဲ သေချာပိုင်နိုင်တဲ့ အပြုံးလေးနဲ့ သမီး အိမ်ပေါ်တက်ခဲ့မယ်နော်တဲ့။

အို… မိန်းကလေးအသံက အမေ့ကို တရင်းတနှီး ရှိလှချေလားဆိုတဲ့ အတွေးနဲ့အတူ အိမ်ပေါ် လှမ်းတက်လာတဲ့ မိန်းကလေးကို အမေ ငေးမောကြည့်မိတယ်။ ဝင်းစက်နေတဲ့ အသားအရေ၊ ကြော့ရှင်းတဲ့ ကိုယ်ဟန်၊ မျက်နှာသွယ်သွယ်လေးမှာ မျက်လုံးလေးတွေက အရည်ကြည်လဲ့ပြီး စူးတောက်လို့ ဘာမှန်း မသိပေမယ့် ဒီမိန်းကလေးမှာ အရောင်တစ်ခုခု တောက်ပနေသလိုပဲ။ အမေသိသလောက် သားသူငယ်ချင်းတွေထဲမှာရော အမေ့ပတ်ဝန်းကျင်မှာရော ဒီလိုမိန်းကလေးမျိုး မရှိပါဘူး။

အဲဒီ အချိန်တုန်းက အမေက လမ်းထိပ်ဈေးတန်းလေးမှာ မနက်ပိုင်းမုန့်ဟင်းခါးရောင်းပြီး ညနေအိမ်ရှေ့မှာ ရခိုင်မုန့်တီချက် ရောင်းတယ်။ သမီးအကြီးမ နောက်အိမ်ထောင်ပြုသွားလို့ ထားရစ်ခဲ့တဲ့ မြေးလေးက ကျောင်းတက်ခါစအရွယ်ပါ။ သားလေးက လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက အလုပ်ထွက်ပြီး နိုင်ငံခြားသွားဖို့ အသည်းအသန် လုံးပန်းနေရချိန်။ အမေက ဖျာလေးခင်းပေးတော့ မိန်းကလေးက ဝင်ထိုင်ပြီး ပြုံးပြပါတယ်။

''ဓာတ်ပုံထဲကထက် ပိုပိန်သွားတယ်နော်''

သူ့အပြောကြောင့် အမေအံ့သြလိုက်တာ။

''မိန်းကလေးက အမေ့ကို သိလို့လား''

''သိပါတယ်၊ ကိုထက်ဝေယံက အမေ့ပုံကို အမြဲအိတ်ထဲ ထည့်ထားလို့ မြင်ဖူးတာပါ''

''အော်… ဟုတ်တယ်၊ သားလေးက အမေ့ကို သိပ်ချစ်တာလေ၊ တော်လည်း အရမ်းတော်တာ၊ သိပ်ကြိုးစားတဲ့ ကလေး၊ ခုလည်း အမေ

ပင်ပန်းနေတာ မကြည့်ရက်လို့ နိုင်ငံခြားမှာ သွားအလုပ်လုပ်ပြီး ပိုက်ဆံတွေ အများကြီး ရှာ တော့မှာ၊ ဒီနေ့ သူ့မွေးနေ့မို့ သူငယ်ချင်းတွေကို တတ်နိုင်သလောက်လေး ကျွေး ချင်တယ်ဆိုလို့ အမေ မုန့်တီကောင်းကောင်းလေး ချက်နေတာ၊ သားက သင်တန်း က ပြန်မလာသေးဘူးလေ၊ အော်… ဒါနဲ့ မိန်းကလေးက အမေ့ သားသူငယ် ချင်း မဟုတ်ဘူးလား၊ ဒီနေ့ သားခေါ်ထားတာလား''

မိန်းကလေးက ယဲ့ယဲ့လေးပြုံးပြီး သူက မဖိတ်ပါဘူး အမေရယ်တဲ့။ ကြေကွဲနာကျင်နေတဲ့ မျက်နှာနဲ့ မိန်းကလေးက သူ့လက်ထဲက နှင်းဆီပန်းနီစွေး စွေးပွင့်လေးတွေ ဖြန့်ကျဲထားတဲ့ ပါကင်စက္ကူစနဲ့ ထုပ်ထားတဲ့ အထုပ်လေးတစ်ထုပ် အမေ့ကို ပေးပါတယ်။

''သူလာရင် ပေးလိုက်ပါနော်၊ သူ့အတွက် မွေးနေ့လက်ဆောင်ပါ''

အမေ့လက်ထဲကို လေးထောင့်ခပ်မာမာအထုပ်လေး ရောက်လာပါတယ်။

''မုန့်တီသောက်ရင်း သားကို စောင့်ပါလား၊ သားက နောက်နှစ်နာရီ ကျော်လောက်မှ ပြန်ရောက်မှာ''

''သူ့ကိုတော့ မစောင့်တော့ပါဘူး၊ အမေ့ မုန့်တီကိုတော့ သောက် ချင်တယ်''

''အေးအေး… ဒါဆို အမေသွားပြင်လိုက်မယ်နော်''

အမေထည့်ပေးတဲ့ ကျက်ခါစ မုန့်တီဟင်းရည်ပူပူလေးကို ဂေရုတ်သီးစိမ်း တွေ စပ်လို့ ရှူးရှူးရှဲရှဲနဲ့ စားတဲ့ မိန်းကလေးကို ကြည့်ပြီး အမေ အရမ်းသဘော ကျမိတယ်။ သားလေးနဲ့ ဘယ်လိုပတ်သက်ပါလိမ့်။ တစ်ခါမှလည်း ပြောသံမကြား ဖူးပါဘူး။ အိမ်လိုက်လာတတ်တဲ့ အဖွဲ့ထဲမှာလည်း တစ်ခါမှ ပါလာတာ မတွေ့ ပါဘူး။ အင်းလေ… သားကလည်း အမေ့ကို ဘာမှ တိုင်ပင်တာမှ မရှိတာ။ အမေနဲ့

တူလေး နှစ်ယောက်အတွက် အိမ်ထောင်ဦးစီးကြီးလို မားမားမတ်မတ်ရပ်နေတဲ့ သားကို အမေက ယုံလည်း ယုံတယ်၊ အထင်လည်း ကြီးတယ်။ သားက မာနကြီးပြီး မျိုးသိပ်ခံစားတတ်တဲ့သူ၊ မှန်တယ်ထင်ရင် နောက်မဆုတ်သူ၊ ဘယ်သူ့ဩဇာ ဘယ်သူ့လွှမ်းမိုးမှုမှ မခံချင်ဘဲ ကိုယ့်စိတ် ကိုယ့်သဘောပြုမူချင်သူပဲလေ။

စားသောက်ပြီးတော့ မိန်းကလေးက အမေ့ကို နှုတ်ဆက်ပြီး ပြန်သွားပါတယ်။

''နေပါဦးလား... သားလည်း ပြန်လာတော့မှာပဲကို''

''နေပါစေ... သမီးပြန်တော့မယ်၊ ဒီနေ့ အမေနဲ့ တွေ့ရတာ ဝမ်းသာပါတယ်''

''သမီးနာမည်လေး ပြောခဲ့ပါလား၊ သားကို ပြန်ပြောပြမလို့''

''နေပါစေ အမေ၊ သူ့ကို ဒီလက်ဆောင်ထုပ်လေး ပေးပေးပါ၊ သွားတော့မယ်နော်''

သြော်... နာမည်လေးတောင် မပြောခဲ့နိုင်တဲ့ မိန်းကလေး၊ သားနဲ့ ဘယ်လိုများ ပတ်သက်နေပါလိမ့်။

နောက်နာရီဝက်လောက်ကြာတော့ သားက သူ့သူငယ်ချင်းတစ်အုပ်ကြီးနဲ့ ရောက်လာပြီး စားကြသောက်ကြနဲ့ ဆူညံနေလို့ အမေလည်း ကိုယ့်ဘာသာမီးဖို ချောင်ထဲမှာပဲ နေရင်း လိုတာ လုပ်ပေးနေလိုက်ပါတယ်။

''ထက်ဝေယံကြီး မွေးနေ့မှာ ပျော်ရွှင်ပါစေ၊ အမြန်ဆုံးနိုင်ငံခြားသွားနိုင်ပါစေ၊ ပြန်လာပြီး ချမ်းချမ်းသာသာနဲ့ စံပယ်ခြံပိုင်ရှင်ကြီး ဖြစ်ပါစေလို့ ဆုတောင်းပါတယ်နော် ငွေစံပယ်ရေ''

သူငယ်ချင်းတွေက သားကို သူ့သူငယ်ချင်းမလေး ငွေစံပယ်နဲ့ အမြဲ

စနောက်နေတာ အမေ သိပြီးသားပါ။ ကောင်မလေးကလည်း သားကိုဆို သိပ်အားကိုးတာ၊ ကြောက်လည်း ကြောက်ရတယ်။ သားက ငွေစံပယ်ဆို အရုပ်ပဲ၊ နိုင် မှ နိုင်၊ သူ့ဩဇာညောင်းလို့ ဒီကောင်မလေးကိုတော့ သားသဘောကျပုံပဲ။

ဖြူဖြူပိန်ပိန်လေးနဲ့ အမြဲတမ်းပြုံးနေတတ်တဲ့ ငွေစံပယ်ကို ခင်ပေမယ့် သားနဲ့ မလိုက်ဖက်ဘူးလို့ အမေက ထင်တယ်။ သားလို ထက်မြက်ထူးချွန်တဲ့ သူနဲ့ဆို ညနေက လာသွားတဲ့ မိန်းကလေးမျိုးနဲ့မှ လိုက်တာ။ ဘာကြောင့်မှန်းမသိ ဘဲ အမေကလေ အမြဲခင်မင်နေတဲ့ ငွေစံပယ်ကို ကျော်ပြီး ခဏလေးပဲ တွေ့လိုက်ရသေးတဲ့ မိန်းကလေးကို ပိုပြီး နှစ်လိုနေမိတယ်။

အားလုံးပြန်သွားမှ မိန်းကလေးပေးတဲ့ အထုပ်လေးကို အမေက ပေးလိုက်တယ်။

''မိန်းကလေးတစ်ယောက် ပေးသွားတာ၊ သားအတွက် မွေးနေ့လက်ဆောင်တဲ့''

''ဘယ်သူလဲ အမေ''

''နာမည်ပြောမသွားဘူး၊ အရမ်းလှတဲ့ မိန်းမချောလေး၊ သူ့မျက်လုံးတွေက တောက်ပနေတာပဲ''

''အော်''

ဒီလောက်ပြောရုံနဲ့ သားက သိသွားတဲ့ ပုံပေါ်တယ်။ မနှစ်သက်တဲ့ ပုံစံနဲ့...

''နေပါဦး၊ သူက သားမဖိတ်ဘဲ အိမ်ကို ပိုင်စိုးပိုင်နင်း လာသွားပြီး အမေ့ကို ဘာတွေ ပြောသွားသေးလဲ''

''ဘာမှ မပြောပါဘူး၊ အမေက ဓာတ်ပုံထဲကထက် ပိန်သွားတယ်တဲ့၊ အမေ့ပုံကို သားဆီက မြင်ဖူးတယ်တဲ့လေ''

သားရဲ့ မျက်ဝန်းထဲမှာ အရိပ်တစ်ခုဖြတ်သွားပြီး တစ်ချက်လေး မျက် နှာ

မှိုင်းညို့သွားတယ်။ ဒါဆိုမိန်းကလေးအတွက် သားရင်ထဲမှာ ခံစားမှုတစ်ခုတော့ ရှိမှာပါ။ ဒါပေမဲ့ ဒီအရိပ်ကလေးက ခဏလေးပါ၊ ချက်ချင်း သားမျက်နှာတစ်ခုလုံး ကျောက်သားပြင်လို တင်းမာသွားတယ်။

''တွေ့လား၊ သူက သားမရှိတုန်း သားအိမ်ကိုလည်း လာသေးတယ်၊ အမေ့ကိုလည်း ပြောချင်တာတွေ ပြောသွားသေးတယ်၊ ပိုင်စိုးပိုင်နင်းနဲ့ အဲလို လုပ်တာတွေကို သားက မကြိုက်တာ''

''သားနဲ့ သူက ဘယ်လိုသိတာလဲ''

''သူ့ဒွေးနဲ့ သား ပြဿနာဖြစ်လို့ ထွက်လိုက်တဲ့ အရင်အလုပ်က စာရင်းကိုင်ပါ''

''အော်... သားအလုပ်ထွက်ထားတာ ခြောက်လကျော်နေပြီပဲ။ သားမွေးနေ့ကိုလည်း သူမှတ်မိနေတယ်၊ သား အိမ်အသစ် ပြောင်းလာတာကိုရော သူ ဘယ်လိုသိတာလဲ''

''အဲဒါလည်း သားအံ့ဩတယ်၊ စိတ်လည်း တိုတယ်၊ သူ့ကို သား ဘာမှ မပြောပြဖူးဘူး။ အမေလည်း သားအကြောင်းသိရဲ့နဲ့။ ကိုယ့်အိမ်ကိစ္စ ကိုယ်ရေး ကိုယ်တာကိစ္စတွေ သားဘယ်တုန်းက သူများကို ပြောဖူးလို့လဲ။ ငယ်ငယ်ကတည်း က အဖေပစ်သွားလို ရုန်းကန်ခဲ့ရတာ တွေ၊ အစ်မက မလိမ္မာဘဲ အိမ်ထောင်ပျက်ပြီး နောက်အိမ်ထောင်ထပ်ပြုတော့ ကလေးကို ပစ်ထားခဲ့တာတွေ ပြောလည်း မပြောချင် ဘူး။ အဲဒါသူက သိပ်စပ်စုတာ။ သားမပြောတာတွေ သူ့ဘာသာလိုက်စုံစမ်းပြီး သိနေတာ။ သိတော့လည်း ငြိမ်ငြိမ်နေတာ မဟုတ်ဘူး။ သားကို နေရာတကာ ဝေဖန်ပြီး လိုက်အပြစ်ပြောနေတာ၊ တစ်ခုခု ငြင်းရင်တောင် သူ မနိုင်မချင်း ရ အောင် စကားနိုင်လုပြောတာ။ သူ့ဒွေးနဲ့ သားပြဿနာဖြစ်တုန်းကလည်း သူက သားကိုပဲ အပြစ်လာပြောနေသေးတယ်။ သားလည်း အလုပ်ထွက်ခါနီး သူ့ကို ကောင်းကောင်းပြောပစ်ခဲ့တယ်''

''သားကို ကောင်းစေချင်လို့ စေတနာနဲ့ ပြောတာ နေမှာပါကွယ်''

အမေက မိန်းကလေးဘက်က ရှေ့နေလိုက်မိတယ်။

''စေတနာဖြစ်ဖြစ် သား မကြိုက်ဘူး အမေ၊ သားက သားဘဝကို ဘယ်သူ ပဲ့ကိုင်တာမှ ခံချင်တာမဟုတ်ဘူး။ သားစိတ်သားသဘောနဲ့ သားဘဝကို ဖန်တီး မှာ၊ မှန်တယ်၊ မှားတယ် သားကို ဘာမှလာမဝေဖန်နဲ့၊ အပြစ်မတင်နဲ့၊ သားလုပ် ရပ်ကို ကျေနပ်လက်ခံပြီး ကူညီပံ့ပိုးပေးမယ့်သူပဲ သားလိုချင်တာ''

အော်၊ သားက ဒါကြောင့် ငွေစံပယ်ကို ရွေးချင်နေတာကိုး၊ သူထား ရာနေ စေရာသွားမယ့်သူမျိုးပေါ့၊ အင်း၊ အတ္တကြီးလိုက်တဲ့ သား။

''ဘာလက်ဆောင်လေးလဲ၊ ဖောက်ကြည့်ပါလား''

အမေပြောမှ သားက လက်ဆောင်ထုပ်ကို ဖောက်ကြည့်တယ်။ ဖေမြင့် ဆိုတာလေးပဲ အမေ မြင်လိုက်ရတယ်။ သားက စာအုပ်ကို ဆွဲထုတ်ပြီးခေါင်း စဉ်ကို ကြည့်ရင်း...

''တွေ့လား၊ လက်ဆောင်ပေးတာတောင် ဆုံးမတဲ့ စာအုပ်မှ ပေးတယ်၊ အဲဒါတွေ စိတ်တိုရတာ ''

ကောင်းစေချင်တဲ့ စေတနာကို သားက မမြင်တတ်ဘူးပဲ။ အမေ့သား လေးဟာ အရာရာထက်မြက်ထူးချွန်သလောက် စိတ်ဓာတ်မာကျောပြီး တစ်ယူသန် ဆန်တတ်တယ်။ လောကဓံရဲ့ တိုက်ခိုက်မှုကို ငယ်ငယ်လေးနဲ့ ရင်ဆိုင်ခံစားခဲ့ ရတဲ့ သားရဲ့ နှလုံးသားဟာ ချစ်ခြင်းမေတ္တာတရားရဲ့ နူးညံ့သိမ်မွေ့မှုကို ခံစား တတ်ပါ့မလားလို့ တွေးရင်း အမေသက်ပြင်းချလိုက်မိတယ်။

မိန်းကလေးရယ်၊ မင်းအတွက် အမေစိတ်မကောင်းပါဘူး။

*

## (၂)

သား နိုင်ငံခြားထွက်သွားဖို့ တစ်ရက်အလို၊ သားမရှိတဲ့ ဆည်းဆာချိန်လေးမှာ မိန်းကလေး ဒုတိယအကြိမ်ရောက်လာတယ်။ လက်ထဲမှာလည်း လက်ဆောင်ထုပ်ကြီးနဲ့။

''အမေ... သူ မနက်ဖြန် သွားတော့မယ်ဆို''

''ဟုတ်တယ်ကွယ့်''

''သူ့အတွက် လိုအပ်မယ်ထင်တာလေးတွေပါ၊ ပေးပေးပါနော်''

အမေ့လက်ထဲကို လက်ဆောင်ထုပ်အပ်ပြီး မိန်းကလေးက ချက်ချင်းပြန်သွားတယ်။ အမေ့ရင်ထဲမှာ မိန်းကလေးကို သနားနေမိတယ်။ သားနဲ့ပတ်သက်တာတွေကို အမြဲလိုက်စုံစမ်းနေတာ၊ သား မကြည်ဖြူမှန်းသိရက်နဲ့ လက်ဆောင်လေးတွေ လာပေးတာဟာ တော်ရုံမေတ္တာမဟုတ်ဘူး၊ သူ့ရင်ထဲမှာ သားအမြဲရှိနေပုံပဲ။

ဒါပေမဲ့ သားက သူ့ဘဝခရီးဖော်ကို ဦးနှောက်နဲ့ ရွေးချယ်ပြီးသွားပါပြီ။ ငွေစံပယ်နဲ့ သားချစ်သူတွေ ဖြစ်နေကြပြီလေ။ သားနိုင်ငံခြားသွားဖို့ လိုတဲ့ အရင်းအနှီးကိုလည်း ငွေစံပယ်မိဘတွေကပဲ စိုက်ထုတ်ပေးတာ၊ ခုလည်း သားနဲ့ ငွေစံပယ်ဘုရားသွားကြတာ။ ညဘက် သားနဲ့အတူ ငွေစံပယ်လိုက်လာပြီး သားအတွက် ခရီးဆောင်အိတ်တွေ ပြင်ပေးတယ်။ ပစ္စည်းထည့်တာက အစ သားပြောတဲ့အတိုင်း တစ်သဝေမတိမ်းလုပ်ပေးနေတဲ့ ငွေစံပယ်ကို ကြည့်ရင်း ညနေက မိန်းကလေးကို အမေ သတိရနေမိတယ်။ ငွေစံပယ် ပြန်သွားတော့မှအမေက လက်ဆောင်ထုပ်ကို ပေးလိုက်တယ်။ သားက စိတ်ရှုပ်တဲ့ မျက်နှာနဲ့ အထုပ်ကို မဖောက်ဘူး။

''သားမယူချင်ဘူး အမေ''

ဒီစကားတစ်ခွန်းပဲ ပြောပြီး သားက လိုအပ်တဲ့ ပစ္စည်းတွေ စစ်ပြီး အိပ်ရာဝင်သွားတဲ့အခါ မနေနိုင်တဲ့ အမေက လက်ဆောင်ထုပ်လေးကို ဖောက်ကြည့်မိတယ်။ ပရိတ်ကြီး ၁၁သုတ်နဲ့ နှစ်ဆယ့်လေးပစ္စည်း ပဋ္ဌာန်းဂါထာတော်စာအုပ်နဲ့ တရားခွေလေးရယ်၊ ဘာလချောင်ကြော်ဘူးလေးရယ်၊ ကျောက်စိမ်းစိပ်ပုတီးလေးရယ်၊ Provimin အားဆေးပုလင်းလေးကို တွေ့ရတယ်။ သားအိပ်ရာဝင်တိုင်း ပုတီးစိပ်တတ်တာ၊ ဘာလချောင်ကြော်ကြိုက်တာ၊ Provimin အားဆေးသောက်တာ အားလုံးကို မိန်းကလေး သိနေတာပဲ။

ရည်းစားရှိပြီးတဲ့သူတစ်ယောက်ကို လက်ဆောင်ပေးတာ မကောင်းပေမယ့် သူပေးတဲ့ ပစ္စည်းလေးတွေက ဘာမှ မြူဆွယ်ဖြားယောင်းမှုမပါဘဲ သား သုံးသင့်တယ်လို့ အမေက ယူဆပြီး သားမသိအောင် အိတ်ထဲကို ထည့်ပေးလိုက်ပါတယ်။

နောက်နေ့ သားကို လေဆိပ်လိုက်ပို့ပြီး ပြန်လာတော့ အမေလေ သားရှေ့ မှာ ထိန်းထားရသမျှ ဖွင့်ချပြီး ဝမ်းနည်းအားငယ်စွာနဲ့ တစ်နေကုန် ငိုနေမိတယ်။ အမေ့သားလေးနဲ့ အမေ သုံးနှစ်ကြီးတောင် ခွဲရမှာပါလား။

သားလေးဓာတ်ပုံလေးကို ကြည့်ပြီး အမေ့မျက်ရည်မခန်းခင်မှာ မိန်းကလေး ရောက်လာတယ်။

''အမေ၊ သူသွားပြီပေါ့နော်''

အို... သားဓာတ်ပုံလေးကို ကြည့်နေတဲ့ မိန်းကလေးမျက်ဝန်းထဲမှာလည်း မျက်ရည်စတွေနဲ့ပါလား။ အမေတို့နှစ်ယောက်ဟာ ဘာစကားမှမပြောဘဲ နာရီပေါင်းများစွာ နေနေမိတာ နေဝင်ဆည်းဆာချိန်ရောက်တဲ့အထိပဲ။ ဒီတော့မှ မိန်းကလေးက...

''သမီးပြန်တော့မယ် အမေ''

''နေပါဦး မိန်းကလေးရယ်၊ မင်းနာမည်လေးတော့ အမေ့ကိုပြောခဲ့ပါ''

''သမီးနာမည် နှင်းဆီပါ အမေ''

''သားနဲ့ ပတ်သက်တဲ့ မင်းရင်ထဲက ခံစားမှုတွေအတွက် အမေစိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ခုသားလေးမှာ သက်ဆိုင်သူရှိနေပြီကွယ့်''

''ငွေစံပယ်ကို သူရွေးလိုက်တာ သမီးသိပါတယ် အမေ''

''အော်၊ မိန်းကလေးက ဒါလည်း သိတာပဲလား''

''သိပါတယ် အမေ၊ လွန်ခဲ့တဲ့ သုံးနှစ်၊ သမီးတို့အလုပ်ကို သူရောက်လာပြီးတဲ့ အချိန်က စပြီး ခုချိန်ထိ သူဘာတွေ လုပ်တယ်၊ ဘာတွေ ဖြစ်တယ်ဆို တာ သမီးအကုန်လုံးသိတယ် အမေ။

အဲဒီ တုန်းက သူနဲ့ သမီးသိပ်ရင်းနှီးပါတယ်၊ တစ်ရုံးလုံးမှာ အခင်ဆုံးပါ။ အလုပ်ကြိုးစားပေမယ့် ဘယ်သူနဲ့မှ သိပ်စကား မပြောတဲ့ လူမှုဆက်ဆံရေးညံ့ တဲ့ ဂျစ်ကန်ကန် ကောင်လေးကို သမီးက သိပ်ပြီး ကောင်းစေချင်ခဲ့တာပါ။ သူက သူ့အကြောင်းတွေ မေးရင် မကြိုက်ဘူး၊ အမြဲလျှို့ဝှက်ထားတတ်တယ်၊ ယုတ်စွအဆုံး၊ အမေ့ဓာတ်ပုံလေး သူ့အိတ်ကပ်ထဲမှာ တွေ့လို့ မေးတာတောင် မကြိုက်ဘူးလေ''

''သားလေးက သူ့ဘဝသူ သိမ်ငယ်နေတာပါ သမီးရယ်၊ အဲဒီ တုန်းက သူပြောပါတယ်။ သူအလုပ်လုပ်ရတဲ့ ရုံးမှာက ပြည့်စုံချမ်းသာတဲ့ သူတွေ များ တယ်တဲ့၊ အပြိုင်အဆိုင်တွေကြားမှာ သူ့ဘဝအမှန်ကို ထုတ်ပြောရင် သူ့ကို လူတွေက နှိမ်လိမ့်မယ်တဲ့''

''သူ အဲလိုတွေးတာကိုက မဟုတ်တာပါ၊ သူ့မှာ အရည်အချင်းရှိလို့ နေရာတစ်ခုကို ရထားပြီပဲ၊ လူကြားထဲမှာ နေရင်တော့ လူတွေရဲ့ ကဲ့ရဲ့ဝေဖန်တာတွေ ခံရမှာ ဓမ္မတာပါပဲ၊ ကိုယ့်ဘဝကိုယ် ချမပြရဲတာကိုက သူမှားတာ''

''သမီးက သားလေးဘဝကို ဘယ်လောက်သိလို့လဲကွယ်၊ သူ့အဖေက သူ

သုံးနှစ်သားလေးကတည်းက အမေတို့ကို ပစ်သွားတာ၊ ပစ်သွားတာမှ လုံးဝ ထောက်ပံ့ပေးကမ်းခြင်းကို မရှိတာပါ၊ အမေကလေ ဈေးတောင်းခေါင်းရွက်ရောင်းပြီး သမီးနဲ့ သားကို ကျောင်းထားပေးခဲ့တာ။ သားလေးက သူ့ဘဝ သူသိလို့ ကြိုးစားပေမယ့် အကြီးမကြီးက မလိမ္မာဘူး၊ စရိုက်လည်း ကြမ်းတယ်။ စာကောင်းကောင်းမသင်ဘဲ ယောက်ျားနောက်လိုက်ပြေးတယ်။ သူယူတဲ့ လူက မိန်းမ ရှိတယ်လေ။ သားဆို ရှက်လွန်းလို့ သူ့အစ်မကို လုံးဝအဆက်အသွယ်ဖြတ်ထားတာ။

ဒါပေမဲ့ ကလေးလည်း မွေးပြီးရော သူ့ယောက်ျားနဲ့ ကွဲပြီး အမေ့အိမ် ပြန်ရောက်လာတယ်။ ကိုယ့်တူလေး ပါလာတယ်ဆိုပြီး သားက ပြန်လက်ခံပြီး အစ်မနဲ့ တူကိုပါ လုပ်ကျွေးခဲ့တယ်။ ဒါပေမဲ့ သူ့အစ်မက နောက်တစ်ခါအိမ်ထောင်ပျက်တစ်ယောက်နဲ့ ထပ်တွေ့တော့ အမေတို့အိမ်မှာ သူ့သားကို ထားခဲ့ပြီး လိုက်ပြေးသွားတာ ခုထိပဲ၊ တစ်ခါမှ ပြန်လာကြည့်ဖော်မရဘူးလေ။ သားလေးမှာ လူပျိုလေးတန်မဲ့နဲ့ တူလေးကို ခုအရွယ်ရောက်တဲ့အထိ ကျွေးမွေးစောင့်ရှောက်လာရတာ ''

''အဲဒါလည်း သမီးသိတယ် အမေ၊ ဒါပေမဲ့သူပြောပြတာ မဟုတ်ဘူး၊ သမီးဘာသာ စုံစမ်းပြီး သိတာပါ၊ ဒီလိုသမီးသိသွားတာကိုပဲ သူက ရှက်ပြီး သမီး ကို စိမ်းသွားတယ်လေ၊ အရင်လို ခင်ခင်မင်မင်မဆက်ဆံတော့ဘူး၊ အဲဒါကိုပဲ သမီး က မကြိုက်တာ၊ ဒါကိုယ့်ဘဝမှန်ပဲလေ အမေ''

''သားက နဂိုကတည်းက မာနကြီးတယ် သမီးရဲ့၊ ခုလက်ရှိရောက် နေတဲ့ သူ့ဘဝကို ဘယ်သူမှချမပြဘဲ ကျိတ်ပြီး ကြိုးစားနေတာလေ၊ သူပြည့်စုံချမ်းသာတာကိုပဲ လူတွေ မြင်စေချင်တာ''

''အဲဒါကိုက သူမှားတာပေါ့ အမေ၊ ဖြစ်ပျက်ခဲ့သမျှတွေဟာ သူ့အမှားမှ မဟုတ်တာပဲ၊ တာဝန်မကျေတဲ့ အဖေ၊ စရိုက်မကောင်းတဲ့ အစ်မ... ဒါတွေကို သူ ရွေးချယ်လို့မှ မရတာ ၊ ဘဝကံကြမ္မာက ပေးတဲ့အတိုင်း သူလက်ခံရရမှာပေါ့''

အို… တော်လိုက်တဲ့ မိန်းကလေး။ ဒီစကားတွေဟာ သားလေးကို အမေ မပြောရဲလို့ ရင်ထဲ မျိုသိပ်ထားခဲ့ရတဲ့ စကားတွေပါ။

''သားက သူနဲ့ အတိုက်အခံပြောရင် မကြိုက်ဘူး သမီးရဲ့''

''ဟုတ်တယ် အမေ၊ သမီးကိုလည်း သူအဲဒါကြောင့် ရှောင်သွားတာလေ။ သမီးက သူ့လုပ်ရပ်ကို ဝေဖန်တာကိုး။ ဒီလိုနဲ့ပဲ သူနဲ့ သမီး ဝေးဝေးသွားတာ။ သူ့အလုပ်ထဲမှာ ပြဿနာဖြစ်တော့ သူ့ဘက်က သူ့ငွေကို အထင်လွဲပြီး ပြန်ပြော နေလို့ သမီးက အကျိုးအကြောင်း ရှင်းပြတာ၊ သူ့ကို နှိမ်ပြီး သူ့ငွေဘက်လိုက် တယ်ဆိုပြီး သမီးကို စိတ်နာသွားတယ်၊ အလုပ်ထွက်တာတောင် သမီးကို နှုတ် မဆက်သွားဘူး၊ သူသိပ်ရက်စက်ပြီး အသည်းမာလိုက်တာ အမေရယ်''

မိန်းကလေးက ပြောရင်း ရှိုက်ငိုနေပါတယ်။

''သမီးလေ၊ သူ့ကို သိပ်ကောင်းစေချင်ပါတယ် အမေ၊ သူဖြစ်စေချင်သလို သူ့ဘဝကို တိုးတက်ချမ်းသာစေချင်တယ်၊ သူ ပျော်ရွှင်နေစေချင်တယ်၊ အမြဲလူဘုံ အလယ်မှာ ဂုဏ်ယူဝံ့ကြွားနိုင်တဲ့သူ ဖြစ်စေချင်ပါတယ်။ ဒါပေမဲ့သမီးစေတနာ တွေ သူ့ကို ပြခွင့်မရခဲ့ဘူး။ သူမြင်သွားတာက သူ့အကြောင်းတွေ လိုက်စပ်စု ပြီး သူ့ကို အမြဲဝေဖန်အပြစ်တင်နေတဲ့ မိန်းမပေါ့''

''ကြားရတာ အမေ စိတ်မကောင်းပါဘူးကွယ်၊ သားက သူလုပ်သမျှ လက်ခံပြီး သူ့သြဇာညောင်းမယ့် သူကိုပဲ ရွေးချယ်လိုက်တာ၊ ငွေစံပယ်ကလေ သား ဒါဆို ဒါပဲ''

''ကောင်းပါတယ် အမေ၊ ငွေစံပယ်အကြောင်း သမီး စုံစမ်းပြီးပါပြီ။ သူ့ငွေသမီးလေးပေမယ့် သိပ်အေးဆေးသိမ်မွေ့ပါတယ်၊ သူထားရာ နေ၊ စေရာ သွားမယ့် သူမျိုးပါ၊ သမီး ကျေနပ်ပါတယ်၊ သမီးလေ သူနဲ့ မပတ်သက်ပေမယ့် အမေ့ဆီတော့ လာလို့ ရတယ်မဟုတ်လားဟင်''

''ရပါတယ် သမီးရယ်၊ အမေကလေ သမီးကို မြင်မြင်ချင်းကို ရင်း

နှီးသွားတာ''

''အဲဒါသမီးအမေ့ပေါ်ထားတဲ့ မေတ္တာကြောင့်ဖြစ်မှာပေါ့ အမေရဲ့''

မိန်းကလေးရဲ့ မျက်နှာမှာ အပြုံးပွင့်လေး ပြန်ပေါ်လာတာ အမေသိပ်ဝမ်းသာတာပဲ။ ဆည်းဆာချိန်မှာ မျက်ရည်တွေ သုတ်ပြီး ပြန်သွားတဲ့ မိန်းကလေးရဲ့ ကျောပြင်လေးကို ကြည့်ပြီး ဘဝဇာတ်ဆရာဆိုသူကြီးကို အမေဟာ အကြိမ်ကြိမ် အပြစ်တင်နေမိပါတယ်။

*

## (၃)

သားလေး မရှိတဲ့ နှစ်တွေမှာ အမေနဲ့ နှင်းဆီဟာ ပိုပြီး ရင်းနှီးတွယ်တာလာတယ်။ ချွေးမလောင်းဖြစ်မယ့် ငွေစံပယ်ကိုလည်း အမေခင်ပါတယ်။ သူကလည်း အမေ့ဆီ လာလာကြည့်တတ်ပါတယ်။ နေ့ခင်းဆို ငွေစံပယ်လာတတ်မှန်းသိလို့ ရှောင်ပြီး ဆည်းဆာချိန် ခပ်မှောင်မှောင်လေးမှ နှင်းဆီက လာတတ်တယ်။

ဘယ်ဘဝရေစက်လဲတော့ မသိဘူး၊ အမေကလေ ငွေစံပယ်ထက် နှင်းဆီကိုပဲ သမီးလေးလို အားကိုးချစ်ခင်နေမိတယ်။ အမေ့ဆီ သူလာတတ်တဲ့ ဆည်းဆာချိန်လေးတွေကို အမေမျှော်နေမိတတ်တယ်။

သားလေးဆီက ငွေပို့တဲ့အခါလည်း နှင်းဆီက အကုန်စီမံပေးတယ်၊ အိမ်ဈေးဖိုးကို ချွေတာသုံးစေပြီး အမေ့ကို ပိုက်ဆံစုပေးတယ်။ စုငွေလေးအတန်အသင့်ရှိလာတော့ အမေ့ကို အိမ်ဆိုင်လေး ဖွင့်ခိုင်းပြီး လိုအပ်တာတွေ သူကူညီပေးတယ်။ ဘယ်ပစ္စည်းလေး တင်ရင် ရောင်းကောင်းမှာ၊ ဆိုင်ကို ဘယ်လိုပြင်

ဆင်ရတာ စသဖြင့် နှင်းဆီအကြံပေးတဲ့အတိုင်း အမေလုပ်ခဲ့တာ တစ်နှစ်ကျော် အတွင်း အမေ့ဆိုင်က ပိုက်ဆံနဲ့ ယိုင်နဲ့နဲ့ အိမ်အိုလေးကို ပျဉ်ထောင်အိမ်ကြီးအဖြစ် ပြင်ဆောက်နိုင်ခဲ့တယ်။

သားလေးကတောင် အဝေးကနေ အမေ့ကို အံ့သြဝမ်းသာနေတယ်လို့ ငွေစံပယ် ပြန်ပြောပြခဲ့တယ်။ သားသိတဲ့ အမေက အေးအေးကုပ်ကုပ်နဲ့ ဘာမှ သိပ်နားမလည်၊ လူတောမတိုးတဲ့ အမေလေ။ နှင်းဆီရှိတဲ့အတွက် သားနဲ့ ဝေးနေတဲ့ သုံးနှစ်တာဆိုတဲ့ အချိန်ကို အမေ ကျန်းမာပျော်ရွှင်စွာ ဖြတ်ကျော်နိုင်ခဲ့တယ်။ သားဆီ က ပို့လိုက်တဲ့ ဓာတ်ပုံတွေ ငွေစံပယ်လာပို့တဲ့အခါ နှင်းဆီကို ပြပြီး အလုပ်ထဲ မှာ အဆင်ပြေပြီးပျော်ရွှင်တက်ကြွနေတဲ့ သားပုံတွေကို နှစ်ယောက်သားအတူ ကြည့်ပြီး ကြည်နူးမိတယ်။

''သမီးဝမ်းသာလိုက်တာ အမေရယ်၊ သူကလေ အဲဒီ လိုလူပုံအလယ်မှာ သူ့အရည်အချင်းကို ပြပြီး အောင်မြင်ချင်တာ၊ ငွေတွေ အများကြီးရှာချင်တာလေ၊ သူ့ရည်ရွယ်ချက်တွေ ပြည့်တော့မှာပေါ့''

သားလေးရည်ရွယ်ချက်တွေ တကယ်လည်း ပြည့်ခဲ့ပါတယ်။ အမေက ကိုယ့်ဆိုင်ရဲ့ ဝင်ငွေနဲ့ ကိုယ်ရပ်တည်နိုင်လာတော့ နှင်းဆီက သားပို့ပေးတဲ့ ငွေ တွေကို မသုံးဘဲ စုထားခိုင်းတယ်။

''သူပြန်လာလို့ မင်္ဂလာဆောင်ရင် ပိုက်ဆံကုန်မှာပဲလေ၊ သူက ကြီး ကြီးကျယ်ကျယ်လုပ်ချင်မှာ၊ ဒီခေတ်မင်္ဂလာဆောင်စရိတ်က နည်းတာ မဟုတ် ဘူး။ ခမ်းခမ်းနားနား မလုပ်ပေးနိုင်ရင်လည်း တော်ကြာ ယောက္ခမတွေဘက်က ပြောနေဦးမယ်''

သားအတွက် တွေးပေးနေတဲ့ မိန်းကလေးကို ကြည့်ပြီး အမေ စိတ်မ ကောင်းဖြစ်လွန်းလို့ မျက်ရည်ဝဲမိတယ်။ ဒါပေမဲ့ အမေ ဘာမှ မတတ်နိုင်ခဲ့ပါဘူး။ သားလေး ပြန်လာခါနီး တော့ နှင်းဆီက အမေ့ဆီ အလာကျဲသွားတယ်။ နောက်ဆုံး

ဆည်းဆာချိန်တစ်ရက်မှာ အမေ့ကို နှုတ်ဆက်တယ်။

''နောက်ဆို အမေ့ဆီ သမီးမလာတော့ဘူးနော်''

''ဘာဖြစ်လို့လဲ သမီးရယ်၊ သားမှ ပြန်မလာသေးတာ''

''ခုငွေစံပယ်က နေ့တိုင်း လာနေတယ်လေ၊ သူပြန်လာရင်လည်း အမြန်ဆုံး မင်္ဂလာဆောင်ပေးဖို့ ငွေစံပယ့်မိဘတွေက စီစဥ်နေပြီ၊ လက်ထပ်ပြီးရင်လည်း သူလုပ်ချင်တဲ့ လုပ်ငန်းထောင်ပေးမယ် ပြောတယ်''

''သမီးက သိလှချေလား၊ အမေ့ကိုတောင် ငွေစံပယ်က ဘာမှမပြော ထားဘူး''

''ငွေစံပယ်တောင် သိပ်မသိသေးပါဘူး၊ သမီးက သူ့အတွက်မို့ သေချာ လိုက်စုံစမ်းထားတာ၊ သူပြန်လာရင် ပန်းခင်းလမ်းကြီးက ကြိုနေပါပြီ အမေ၊ သူ ဖြစ်စေချင်တဲ့ ဘဝမျိုး ရတော့မှာပါ၊ သမီး သိပ်ဝမ်းသာပါတယ်၊ သူ့ဘဝအတွက် စိတ်ချရပြီဆိုတော့ သမီးလည်း သမီးဘဝအတွက် လုပ်ရမှာတွေ ရှိသေးတယ် လေ''

''သြော်... သမီးက ပြည့်စုံပြီးသား မဟုတ်လားကွယ်''

''ဟာဟ၊ အမေကတောင် သမီးကို အထင်ကြီးနေတာကိုး။ သူလည်း သမီးဘဝမှန်ကို သိပ်မသိသွားပါဘူး၊ သူ့ဘဝကိုပဲ ဖုံးကွယ်ချင်နေပြီး သူ့ဘဝမှ အဆိုးဆုံးလို့ ထင်ခဲ့တာလေ''

''ဒါဆိုသမီးဘဝကရော မပြည့်စုံဘူးလားကွယ်''

''သမီးက မိဘမဲ့ပါအမေ။ ငယ်ငယ်လေးကတည်းက သီလရှင်ကျောင်း မှာ နေပြီး ပညာသင်ခဲ့ရတာ ပါ၊ ဆယ်တန်းအောင်တော့မှ အဲဒီ သီလရှင်ကျောင်း က ထွက်ပြီး ကိုယ့်ဘဝကိုယ်ရုန်းကန်ခဲ့တာ''

''အို... အမေမထင်ဘူး သမီးရယ်။ သမီးပုံစံကလေ အမြဲတက်ကြွ ရွှင်လန်းပြီး အရာရာပြည့်စုံနေသလိုပဲ''

''ဒါ... သမီးရဲ့ ဘဝနေထိုင်မှုပါ အမေ။ ကိုယ်ဖန်တီးယူလို့မရတာ တွေအတွက် ဘာလို့ အားငယ်ဝမ်းနည်းပြီး မကျေမနပ်ဖြစ်နေရမှာလဲ၊ ကိုယ်ပိုင်ဆိုင်ထားတဲ့ အရည်အချင်းတွေနဲ့ ကိုယ့်တန်ဖိုး ကိုယ်သိရင် လောကအလယ်မှာ ရဲဝံ့ပါတယ် အမေ၊ ဘာမှ သိမ်ငယ်စရာ မလိုပါဘူး''

တော်လိုက်တဲ့ မိန်းကလေး၊ အသိဉာဏ်ရင့်ကျက်တည်ငြိမ်ပြီး ဘဝမှာ တန်ဖိုးရှိအောင် နေတတ်တဲ့ မိန်းကလေး။ ဒီမိန်းကလေးမျိုးနဲ့ ဝေးရတာ အမေနှမြောလိုက်တာ။

ဆည်းဆာအမှောင်ရိပ်မှာ တဖြည်းဖြည်းဝေးသွားတဲ့ မိန်းကလေးရဲ့ ကျော ပြင်လေးကို ငေးကြည့်ရင်း ရင်နင့်စွာနဲ့ အမေ့မျက်ရည်တွေ ပါးပြင်ပေါ် တလိမ့် လိမ့်စီးကျလာပါတော့တယ်။

*

## (၄)

ဒီနေ့ သားလေး မင်္ဂလာဆောင်တဲ့ နေ့...။

ခမ်းနားတဲ့ ဟိုတယ်ကြီးမှာ သားလေးမင်္ဂလာပွဲက စည်ကားလှပါတယ်။ လုပ်ငန်းရှင်ကြီးဖြစ်နေတဲ့ သားမျက်နှာက ကိုယ့်ကိုယ်ကိုယုံကြည်မှုအပြည့် နဲ့ တောက်ပဝံ့ကြွားနေပါတယ်။ ငွေစံပယ်လေးကလည်း သားကို အရိပ်တကြည့်ကြည့်နဲ့ ပျော်လို့၊ သားသူငယ်ချင်းအပေါင်းအသင်းတွေကလည်း ပျော်လို့၊ အားလုံး ပျော်ရွှင်နေတဲ့ အချိန်မှာ တစ်စုံတစ်ယောက်ကို သတိရပြီး အပြည့်အဝ မပျော်နိုင်သူက အမေပါ။

သားပြန်ရောက်ပြီးကတည်းက နှင်းဆီဟာ အမေ့ကို အဆက်အသွယ်

ဖြတ်သွားလိုက်တာ လုံးဝကို ပေါ်မလာတော့ဘူး။ သားမင်္ဂလာဆောင်ဖို့ စီစဉ်ကြတော့ အမေ့မှာ သတိရလွန်းလို့ သားမသိအောင် ကျိတ်ငိုခဲ့ရတယ်။

ခုနေ ဘယ်ဆီမျှား ရောက်နေပါလိမ့်၊ သားလေးမင်္ဂလာဆောင်တာကို ရော သိရဲ့လား။ သား ဖိတ်စာဝေတဲ့ စာရင်းထဲမှာ နှင်းဆီဆိုတာ မပါဘူး။ မိန်းကလေးရယ်၊ မင်းရဲ့ မေတ္တာတရားတွေကြောင့် ဒီဘဝမှာ ချစ်ကံခေပေမယ့် နောက်ဘဝတွေမှာ ချစ်သူနဲ့ ပျော်ရွှင်ရမှာပါ။ အမေရင်နာစွာနဲ့ တမ်းတနေတဲ့ အချိန်မှာပဲ ဟိုတယ်က ကောင်လေးတစ်ယောက်က အမေ့လက်ထဲကို နီနီစွေးစွေးအသည်းပုံဖော်ထားတဲ့ နှင်းဆီ ပန်းစည်းကြီး လာပေးပါတယ်။

''လှလိုက်တာ၊ ဘယ်သူပေးတာလဲကွယ်''

''မသိဘူးခင်ဗျ၊ စာတစ်စောင်နဲ့အတူ သတို့သားအမေကို ပေးလိုက်ပါဆိုပြီး ပေးသွားတာ''

ကောင်လေး ပေးတဲ့ စာကို အမေဖတ်လိုက်တော့...

''အမေ

နေကောင်းတယ်နော်

သမီးလည်း ဘဝကို ကျေနပ်ပျော်ရွှင်စွာ ဖြတ်သန်းနေပါတယ်

သူ့အတွက် သမီးရဲ့ လက်ဆောင်ပန်းစည်းလေးပါ

သမီးပေးတာလို့ သူ မသိပါစေနဲ့ အမေ

သူမင်္ဂလာယူနေတဲ့အချိန်မှာ ဘာမှအနှောင့်အယှက်မဖြစ်စေချင်ဘူး''

နာမည်ရေးမထားတဲ့ စာလေးတစ်စောင်ထားခဲ့ပြီး မိန်းကလေး ထွက်သွားပြီပေါ့။ အမေဟာ တုန်ယင်နေတဲ့ ရင်ကို ထိန်းပြီး နှင်းဆီစည်းကြီးကို ကိုင်ပြီး သားတို့ထိုင်နေတဲ့ စင်မြင့်ကို တက်လာခဲ့ပါတယ်။ တအံ့တသြကြည့်နေတဲ့ သား နဲ့ ငွေစံပယ်ကို အမေက ပြုံးပြလိုက်ပြီး...

''သားတို့အတွက် အမေ မှာထားတာ၊ လာပို့တာ နောက်ကျနေလို့ကွယ်၊ ဒီဖလားလေးထဲမှာ အမေစိုက်ပေးခဲ့မယ်နော်''

''လှလိုက်တာ အမေရယ်၊ ကျေးဇူးတင်ပါတယ်''

ပန်းစည်းလေး စိုက်ပေးပြီး စင်မြင့်ထက်က အဆင်း အမေ့မျက်ဝန်းအိမ်က မျက်ရည်တစ်စက် လွင့်စဉ်ကျသွားပါတယ်။

ကိုယ့်ကိုယ်ကိုယ်ထက် ချစ်တဲ့ သူ့အပေါ် ပိုစေတနာထားခဲ့တဲ့ မိန်းကလေး။

မပိုင်ဆိုင်ရပေမယ့် ကိုယ်ချစ်တဲ့ လူတစ်ယောက်ရဲ့ ဘဝကို လိုအပ်တာ ဖြည့်ဆည်းပေးချင်တဲ့ မိန်းကလေး။

ချစ်တဲ့သူရဲ့ မိခင်ကို စောင့်ရှောက်ပေးခဲ့တဲ့ မိန်းကလေး။

လူမသိသူ မသိပေးခဲ့ရတဲ့ မေတ္တာတွေအတွက် ဝမ်းမနည်းဘဲ မုဒိတာ ပွားနိုင်တဲ့ မိန်းကလေး။

မိန်းကလေးရယ်... မင်းရဲ့ မေတ္တာတရားတွေကြောင့် ဘဝမှာ ဆည်းဆာချိန်တွေ ကုန်ဆုံးပြီး အရုဏ်ဦးချိန် အမြန်ရောက်လာပါစေလို့ အမေ ဆုတောင်းပေးလိုက်ပါတယ်ကွယ်...။

**ခံစားနားလည်နိုင်ပါစေ**

**ကြာဖြူနွယ်**

*